Government of Western Australia
Mental Health Commission

## ရွေးချယ်သတ်မှတ်ခံရသောသူများအတွက် အချက်လက်များ

ရွေးချယ်သတ်မှတ်ခံရသောသူအနေဖြင့် သင့်တာဝန်မှာ သင့်အား ရွေးချယ်မှုပြုလုပ်သည့် လူနာ၏အခွင့်အရေးများ ပြည့်ဝမှုရှိစေရန်၊ ၄င်း၏ အကျိုးနှင့် ဆန္ဒများကို ထည့်သွင်း စဉ်းစားပေးခြင်းရှိစေရန် ကူညီဆောင်ရွက်ပေးဖို့ရာ ဖြစ်ပါသည်။

ဖောင်ပုံစံ 12 A အားလက်မှတ်ထိုးခြင်းသည် သင့်၏ ရွေးချယ်ထားသော ပုဂ္ဂိုလ်အား သင်သဘောတူသည့် အဓိပ္ပါယ်သက်ရောက်ပါသည်။

ရွေးချယ်သတ်မှတ်ခံရသော သူအနေဖြင့် သင့်တွင်လူနာအား ကုသမှုနှင့် စောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များတွင်ပါဝင်ပတ်သက်ခွင့်နှင့် ယင်းကိစ္စရပ်များဆိုင်ရာ အချက်လက်များကို သိရှိပိုင်ခွင့်ရှိပါသည်။ အကယ်၍ သင့်၏ ရွေးချယ်ထားသူအားအချို့ ကိစ္စရပ်များတွင် အသိပေးအကြောင်းကြားရန်၊ ပါဝင်ခွင့်မပြုရန် ဆုံးဖြတ်ခြင်းသည် သင့်အကျိုးအားထိခိုက်စေမည်ဟု သင့် စိတ်ကျန်းမာရေး ဆရာဝန်မှမသုံးသပ်လျှင် ဆေးဝန်ထမ်းများမှ သင့်အား ယင်း အချက်လက်များကို အသိပေးမည်ဖြစ်သည်။

သင့်ဘက်မှ လူနာအတွက် ရွေးချယ်ထားသောပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ပေးလိုသည့် ဆန္ဒမရှိတော့ကြောင်းကို လူနာအား စာဖြင့် ရေးသားအသိပေးကာ လက်မှတ်ထိုးခြင်းဖြင့် သင်ရွေးချယ်သတ်မှတ်ထားသော ပုဂ္ဂိုလ်အဖြစ်မှ နုတ်ထွက်နိုင်ပါသည်။ သင်မှ ရွေးချယ်ထားခံရသောသူမဟုတ်တော့ကြောင့် ဆေးဝန်ထမ်း များအား အသိပေးရမည်ဖြစ်သည်။

သင်မှ ရွေးချယ်သတ်မှတ်ခံထားရသောသူဖြစ်သည့်အခါ သင့်အနေဖြင့် လူနာ၏ 'လူနာစောင့်ရှောက်ပေးသူ"များအနက် အပါအဝင်ဖြစ်မည်ဖြစ်ပြီး လူနာစောင့်ရှောက်သူများ သို့မဟုတ် လူနာမိသားစုဝင်များကဲ့သို့ပင် တန်းတူအခွင့်အရေးရှိပါသည်။ လူနာအား စောင့်ရှောက်ပေးသူများနှင့်ဆိုင်သည့် အခွင့်အရေးများအကြောင်း နောက်ထပ်သိရှိလိုပါက "လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ" အမည်ရှိ လက်ကမ်းစာစောင်ကို ကြည့်ရှုပါ။

## နောက်ထပ်အချက်လက်များ

ဤလက်ကမ်းစာစောင်တွင်ပါသော အချက်လက်များမှာ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေ တွင်ဖော်ပြထားသော ဥပဒေများနှင့် သက်ဆိုင်ပါသည်။ အက်ဥပဒေပိုင်း အချက်လက်များအား အောက်ပါ လက်ကမ်းစာစောင်များတွင် အကျဉ်းချုပ်ဖော်ပြထားပါသည် -

- စမ်းသပ်စစ်ဆေးမှုခံယူရန်အတွက် စိတ်ကျန်းမာရေးဆရာဝန်ထံသို့ လွှဲပြောင်းခြင်း
- အတွင်းလူနာကုသရေးညွှန်ကြားချက်
- ရပ်ရွာတွင်း ကုသရေး ညွှန်ကြားချက်
- ဆန္ဒဖြင့် တက်ရောက်သော လူနာများအတွက် အချက်လက်များ
- စိတ်ကျန်းမာရေးပြဿနာအတွက် ကုသမှုခံယူခြင်း
- လူနာစောင့်ရှောက်သူများအတွက် အချက်လက်များ
- ရွေးချယ်ထားသော သူများ - ရွေးချယ်ခြင်းအားမည်သို့ ပြုလုပ်ပြီး မည်သည့်အဓိပ္ပါယ်ရှိပါသနည်း။

## အခြား လက်ကမ်းစာစောင်များအား အောက်ပါတို့မှ ရရှိနိုင်ပါသည် -

- စိတ်ကျန်းမာရေး ခုံရုံး
- စိတ်ကျန်းမာရေးဆိုင်ရာ အားပေးကူညီရေး ဝန်ဆောင်မှု ဌာန
- စိတ်ကျန်းမာရေး ဥပဒေစင်တာ

၂၀၁၄ စိတ်ကျန်းမာရေးအက်ဥပဒေ နှင့် အခြားရင်းမြစ် အချက်လက်များအကြောင်း နောက်ထပ်သိလိုပါက စိတ်ကျန်းမာရေးကော်မစ်ရှင် ဝက်ဘ်ဆိုက် ဖြစ်သည့် www.mhc.wa.gov.au သို့ ဝင်ရောက်ကြည့်ရှုပါ သို့မဟုတ်  (08) 6272 1200 သို့ခေါ်ဆိုဆက်သွယ်ပါ။

This document can be made available in other languages and alternative formats on request.

Published by the Mental Health Commission (2015)

# ရွေးချယ်ထားသောသူများ - ရွေးချယ်မှုအား မည်သို့ ပြုလုပ်ရမည်ဖြစ်ပြီး ယင်း၏ အဓိပ္ပါယ်မှာ အဘယ်နည်း



သင့်အတွက် တစ်စုံတစ်ဦးအား မည်သို့ရွေးချယ်မှု ပြုလုပ်ရမည်နှင့် ယင်း၏ အဓိပ္ပါယ်တို့အကြောင်းနှင့် ပတ်သက်၍ ဤလက်ကမ်းစာစောင်မှ ဖော်ပြပေးထားပါသည်။ ထို့ပြင်ရွေးချယ်ထားသောသူများ၏ ၂၀၁၄ ခုနှစ် စိတ်ကျန်းမာရေးအက်ဥပဒေအရ ဖြစ်သော အခန်းကဏ္ဍတာဝန်နှင့် အခွင့်အရေးများကိုလည်း ဖော်ပြပေးထား ပါသည်။

ကျန်းမာရေးစောင့်ရှောက်ပေးသူများနှင့် မိသားစုဝင်များ၏ တာဝန်ဝတ္တရားအား ကောင်းစွာအသိအမှတ်ပြုပေးပြီး ၎င်းတို့တွင် လူနာအားကုသမှုနှင့် စောင့်ရှောက်မှုတို့၌ ပါဝင်ရန်နှင့် သိရှိအကြောင်းကြားခံရရန် အခွင့်အရေးရှိပါသည်။

သင့်ဘဝတွင် သင့်အားစောင့်ရှောက်ပေးသူနှင့် မိသားစုဝင်များ မဟုတ်သည့် အခြားတစ်ယောက်ယောက်ရှိနေနိုင်ပါသည် (ဥပမာ မိတ်ဆွေ၊သူငယ်ချင်း)။ သို့သော် သင့်မိသားစုဝင်များနှင့် သင့်အားစောင့်ရှောက်ပေးသူများတွင် သင့်အတွက်ကုသမှုနှင့် စောင့်ရှောက်မှု ကိစ္စရပ်များတွင်ပါဝင်ရန် တာဝန်ရှိသည်ကို သိရှိရန် အရေးကြီးပါသည်။

ယင်းမှ ထိုပုဂ္ဂိုလ်မျိုးအား သင့်၏ 'ရွေးချယ်ထားသောသူ'အဖြစ် သတ်မှတ်နိုင်ပြီး ယင်းသို့ သတ်မှတ်လိုက်သည်နှင့် ယင်းပုဂ္ဂိုလ်တွင် သင့်အားစောင့်ရှောက်ပေးသူနှင့် သင်မိသားစုဝင်များကဲ့သို့ တာဝန်၊ အခွင့်ရေးများနှင့် ဂုဏ်ပုဒ်အနေအထား တစ်ပြေးတည်း ရှိသွားမည်ဖြစ်သည်။

## သင့်ရွေးချယ်ထားသောသူ၏ တာဝန်

သင့်ရွေးချယ်ထားသောသူ၏တာဝန်မှာ သင်လူနာအဖြစ်ရှိနေစဉ် သင့်၏ အခွင့်အရေးများကို အပြည့်အဝရရှိနိုင်မှုရှိခြင်း၊ သင့်အကျိုးအမြတ်နှင့် ဆန္ဒများကို ထည့်သွင်းစဉ်းစားပေးမှုရှိခြင်း စသည် တို့သေချာစေရန် ဆောင်ရွက်ပေးဖို့ရာ ဖြစ်ပါသည်။

သင့်၏ ရွေးချယ်ထားသောသူသည် သင့်အားကုသမှုနှင့် စောင့်ရှောက်မှုပိုင်းတွင် အမြဲအပါဝင်ပတ်သက်ရမည်ဖြစ်ပြီး ကုသရေးဆိုင်ရာ ရွေးချယ်ခွင့်များကိုလည်း သင့်အတွက် ကူညီသုံးသပ်ပေးနိုင်ပါသည်။

သင့်၏ ရွေးချယ်ထားသောသူအား အောက်ပါအချက်လက်များ ကိုဖြည့်ဆည်းပေးပါမည်

- သင့်၏ စိတ်ကျန်းမာရေးပြဿနာ၊ ကုထုံးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပုံစံဆိုင်ရာ ရွေးချယ်ခွင့်နှင့် ပေးအပ်လာသော ကုထုံးများအပေါ် သင့်၏တုန့်ပြန်ချက်၊
- မိမိဆန္ဒအရမဟုတ်အပဲ ကုသမှုခံယူရန်ညွှန်ကြားချက်အား ပြုလုပ်ခဲ့ရသည့် အခြေခံအကြောင်းအရင်း နှင့်
- သင့်လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ရရှိနိုင်သော ဝန်ဆောင်မှုများ။

အကယ်၍ သင့်၏ ရွေးချယ်ထားသူအား အချို့ကိစ္စရပ်များတွင် အသိပေးအကြောင်းကြားရန်၊ ပါဝင်ခွင့်မပြုရန် ဆုံးဖြတ်ခြင်းသည် သင့်အကျိုးအားထိခိုက်စေမည်ဟု သင့်စိတ်ကျန်းမာရေးဆရာဝန်မှ ယုံကြည်ပါက ယင်းပုဂ္ဂိုလ်အား အသိပေး အကြောင်းကြားမှု ရှိမည်မဟုတ်သလို ပါဝင်ပတ်သက်ခွင့်လည်း ပြုမည်မဟုတ်ပါ။

## မည်သူက ရွေးချယ်မှုပြုလုပ်နိုင်ပါသနည်း။

ကလေးငယ်မှအစ မည်သူမဆို ၎င်းတို့အတွက် ရွေးချယ်ထားသောသူအဖြစ် တစ်စုံတစ်ယောက်အား သတ်မှတ်နိုင်ပါသည်။ သို့သော် သင့်ဘက်မှရွေးချယ်မှုနှင့် ၎င်း၏အဓိပ္ပါယ်ကို နားလည်မှု ရှိရမည်ဖြစ်သည်။

## မည်သူမှ ရွေးချယ်မှုပြုလုပ်နိုင်ပါသနည်း။

သင်မှ သင်ရွေးချယ်လိုသည့်မည်သူ့ကိုမဆို သင့်၏ ရွေးချယ်ထား သောသူအဖြစ် ဆောင်ရွက်ပေးရန်တောင်းဆိုနိုင် သည်။ သို့သော် သင့်၏ ရွေးချယ်ထားသောသူသည် အသက် ၁၈ နှစ်နှင့် အထက်ရှိရမည်ဖြစ်ပြီး ရွေးချယ်မှုအား လက်ခံရမည် ဖြစ်သည်။ တစ်ကြိမ်လျှင် သင်လူတစ်ယောက်ကိုသာ ရွေးချယ်သတ်မှတ်နိုင်သည်။

## ရွေးချယ်မှုအား မည်သို့ပြုလုပ်ရမည်နည်း

ရွေးချယ်မှုအားပြုလုပ်ရန် ရွေးချယ်ထားသောသူအဖြစ် သတ်မှတ်ခြင်း - ဖောင်ပုံစံ 12A အား ဖြည့်စွက်ရမည်ဖြစ်သည်။ ယင်းဖောင်ပုံစံမိတ္တူအား ဆေးဝန်ထမ်းများထံမှ တောင်းယူနိုင်သည် သို့မဟုတ် ဝက်ဘ်ဆိုက်မှ မိတ္တူရယူနိုင်သည်။

သင်နှင့် သင့်၏ ရွေးချယ်ထားခံရသူနှစ်ဦးလုံး ဖောင်ပုံစံတွင် လက်မှတ်ထိုးရမည်ဖြစ်ပြီး ယင်းလက်မှတ်ထိုးသည့်အချိန်တွင် အသိသက် သေများ ရှိရမည်။ မျက်မှောက်အသိသက်သေပြုရန် သတ်မှတ်ထားသော သူများတွင် ဆေးဖက်ဆိုင်ရာကျွမ်းကျင်ပညာရှင်သူနာပြု၊ ဆေးဝါးပညာရှင်၊ ဆရာနှင့် တရားရေးအရာရှိ စသည်တို့ပါဝင်ပါသည်။ စာရင်းအပြည့်အစုံအား ဤတွင်ရှုနိုင်ပါသည်။

http://www.courts.dotag.wa.gov.au/_files/Professions_witness_statutory_declarations. pdf

သင့်အား ကုသမှုပေးနေသောအဖွဲ့အား သင့်ရွေးချယ်မှုနှင့် ပတ်သက်၍ အကြောင်းကြား အသိပေးသင့်ပါသည်။ ဆေးဝန်ထမ်းများမှ သင့်၏ ရွေးချယ်မှုဖောင်ပုံစံအား မိတ္တူကူး၍ သင့်ဆေးဝါးကုသမှုမှတ်တမ်းတွင် ထည့်သွင်းပေးထားမည် ဖြစ်သည်။



## ရွေးချယ်ထားသူအားမည်သို့ အဆုံးသတ်နိုင်သနည်း။

အကြောင်းကြားခံရရန်၊ အသိပေးခံရရန် အခွင့်အရေးများအပြင်။

1. သင့်ဘက်မှ ရွေးချယ်ထားသူအား မည်သည့်အချိန်တွင်မဆို မည်သည့်ပုံစံနှင့် ဆို (ဥပမာ သင်ရွေးချယ်ထားသောပုဂ္ဂိုလ်အား သင့်ဘက်မှပယ်ဖျက်လိုကြောင်း ဆေးဝန်ထမ်းများကို ပြောပြခြင်းဖြင့်) အဆုံးသတ်နိုင်ပါသည်။
2. နောက်ထပ် ရွေးချယ်သတ်မှတ်မှုအသစ်တစ်ရပ် ပြုလုပ်ခြင်းဖြင့် ရွေးချယ်ထားမှုအား သင်အဆုံးသတ်နိုင်ပါသည်။ ယင်းသို့ ပြုလုပ်ရန် ဖောင်ပုံစံ 12A အား သင်ဖြည့်စွက်ရန် လိုသည်။
3. သင့်၏ ရွေးချယ်ထားသောသူမှ မည်သည့်အကြောင်းရင်းကြောင့်မဆို နှုတ်ထွက်နိုင်ပြီး နှုတ်ထွက်ရန်ရေးသားချက်ဖြင့် အသိပေးရမည်။
4. စိတ်ကျန်းမာရေးခုံရုံးမှလည်း ရွေးချယ်ထားသူမှ ၎င်း၏ တာဝန်အား လုပ်ဆောင်နိုင်ခြင်းမရှိဟု သုံးသပ်လျှင် သို့မဟုတ် ၎င်းအပေါ် မကောင်းသောသက်ရောက်မှုရှိနေသည်ဟု ယူဆလျှင် ရွေးချယ်သတ်မှတ်ထားမှုကို ၎င်းမှ အဆုံးသတ်နိုင်ပါသည်။